တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး

တတိယနေ့အစီအစဉ်

၅-၁၀-၂၀၂၆ (တနလာနေ့)

၁။ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး တတိယနေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး တတိယနေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေးမတက်ရောက်နိုင်သော စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် အစည်းအဝေးတက်ရောက်မှု အခြေအနေအား လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များကဖြေကြားခြင်း-

(က) **ဦးအောင်ဇော်ဝင်း၊ ဟုမ္မလင်းမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏** "ဟုမ္မလင်းမြို့၊ ခိုပဲဝရပ်ကွက်၊ အခြေခံပညာအလယ်တန်းကျောင်းခွဲ(အမက-၂)တွင် များပြားလာသော ကျောင်းသားဦးရေများအတွက် လိုအပ်နေသောစာသင်ခန်း(၁၄၀×၃၀)ပေ RC(၂)ထပ်အား အနီးစပ်ဆုံးဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း" စပ်လျဉ်းသည့်မေးခွန်း။

(ခ) **ဦးထိန်ဝင်းအောင်၊ ကနီမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏** "ပြည်သူများအတွက် တီဘီရောဂါသီးသန့်ကုသပေးသော ဆေးရုံတည်ဆောက်ပေးပြီး၊ ကုသရေးဆရာဝန် ကွန်ပျူတာဓာတ်မှန်နှင့် ဓာတ်မှန်ဆရာဝန်၊ Gene X-Pert စက် တပ်ဆင်ထားမှု၊ ဓာတ်ခွဲမှုးများအား ပြည့်စုံစွာခန့်ထားပေးမှု အခြေအနေတို့ကို ဘိရှိလိုပါကြောင်း" စပ်လျဉ်းသည့်မေးခွန်း။

(ဂ) **ဒေါ်မာမာဝင်း၊ ကျွန်းလှမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏** "ကသာမြို့ရှိ ငှက်ဖျားဌာနနှင့် တီဘီ(TB)ဌာနတို့တွင် ကျန်းမာရေးစောင့်ရှောက်မှုများ စနစ်တကျ ပြန်လည် လည်ပတ်နိုင်ရေးအတွက် လိုအပ်သော ဝန်ထမ်းများ ဖြည့်ဆည်းခန့်အပ်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း" စပ်လျဉ်းသည့်မေးခွန်း။

(ဃ) **ဒေါ်ကြူကြူစိန်၊ မုံရွာမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏** "မုံရွာမြို့၊ ဘုန်းစိုးရပ်ကွက်၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တွင် အန္တရာယ်ရှိ စာသင်ဆောင်အား ဖျက်သိမ်းပြီး ကျောင်းသားဦးရေနှင့်လုံလောက်လျောက်ညီသည့် စာသင်ဆောင်အသစ် ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း" စပ်လျဉ်းသည့် မေးခွန်း။

(c) **ဦးထွန်းထွန်း၊ ကလေးဝမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)၏** "ကလေးဝမြို့ရှိ ဆိပ်ကမ်းများ ကမ်းပါးပြိုခြင်း အန္တရာယ်မဖြစ်ပေါ်စေရေးနှင့် လုပ်ငန်းများမြန်ဆန် ချောမွေ့စေရေးတို့အတွက် ကုန်တင်ကုန်ချဆိပ်ကမ်းနှင့် မြို့ဆိပ်ကမ်းသာယာလှပရေး အဆင့်မြှင့်တင် တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း" စပ်လျဉ်းသည့်မေးခွန်း။

(စ) **ဦးမြင့်လေး၊ မြင်းမူမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏** "မြင်းမူ-မုံရွာကားလမ်းမကြီးဘေး ဝမ်းပြည့်ကျေးရွာနှင့် ငါးစုကျောင်းရွာအဝင် မိုးရာသီကာလ ရွံ့ဗွက်များထူထပ်ပြီး သွားလာမှုခက်ခဲသော (၁၂၅၀×၄၀)ပေမြေသားလမ်းနှင့် ကွက်သစ်အဝင် (၁၂၅၀×၄၀)ပေ မြေသားလမ်းများအား ရာသီမရွေး သွားလာနိုင်သော ကတ္တရာလမ်းအဖြစ် လမ်းအဆင့်မြှင့်တင် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း" စပ်လျဉ်းသည့်မေးခွန်း။

(ဆ) **ဦးစိုင်းစံလှစိုး၊ ဟုမ္မလင်းမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)၏** "စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ(ဟုမ္မလင်း)၏ လက်တွေ့ကွင်းဆင်း လေ့ကျင့်ဆောင်ရွက်သည့် စိုက်ခင်း(၆၀)ကေနှင့် မွေးမြူရေးလုပ်ငန်းများတွင် ရေအခက်အခဲရှိသဖြင့် Solar မြစ်ရေတင်လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း" စပ်လျဉ်းသည့်မေးခွန်း။

(ဇ) **ဦးတင်မောင်မြင့်၊ ဖောင်းပြင်မြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏** "ကလေးမြို့၊ မော်လိုက်ကျေးရွာရှိ အလက(ခွဲ)ကျောင်းဝင်းအတွင်း သောက်ရေနှင့်သုံးရေလုံလောက်ဖွာရရှိနိုင်ရေး အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ သိရှိလိုပါကြောင်း" စပ်လျဉ်းသည့်မေးခွန်း။

(ဈ) **ဦးရဲမိုးနိုင်၊ ရေဦးမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)၏** "ရေဦးမြို့နယ်၊ မကျီးတောကျေးရွာလမ်းမကြီး အရှည်(၄၂၀၀)ပေ၊ အကျယ်(၁၈)ပေအား မူလအတိုင်း ကတ္တရာလမ်းပြန်လည်ခင်းပေးရန် သို့မဟုတ် ကတ္တရာလမ်းခင်းရန် အခက်အခဲဖြစ်ပေါ်ပါက ကွန်ကရစ်လမ်းအဖြစ်ခင်းပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း" စပ်လျဉ်းသည့်မေးခွန်း။

၆။ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်မှ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးခန့်အပ်တာဝန် ပေးအပ်နိုင်ရေး အဆိုပြုချက်အား လွှတ်တော်ဥက္ကဋ္ဌမှ ဖတ်ကြားခြင်း။

၇။ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်၏ အဆိုပြုချက်နှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

၈။ လွှတ်တော်ဥက္ကဋ္ဌမှ လွှတ်တော်ဆိုင်ရာ သတင်းထုတ်ပြန်ရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်း ပြောကြားခြင်း။

၉။ လွှတ်တော်ဒုတိယဥက္ကဋ္ဌမှ လွှတ်တော်ဆိုင်ရာ သတင်းထုတ်ပြန်ရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် စပ်လျဉ်းပြီး တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို ရှင်းလင်းဖတ်ကြားခြင်း။

၁၀။ လွှတ်တော်ဥက္ကဋ္ဌမှ လွှတ်တော်ဆိုင်ရာ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင်နှင့်၊ အဖွဲ့ဝင်တို့၏ အမည်စာရင်းကို လွှတ်တော်သို့ တင်ပြခြင်းနှင့် ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

၁၁။ စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးမှ **စစ်ကိုင်းတိုင်းဒေသကြီး၊ အသေးစားငွေချေးလုပ်ငန်းဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ(မူကြမ်း)**ကို လွှတ်တော်သို့ တင်သွင်းခြင်း။

၁၂။ စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးမှ တင်သွင်းသည့် **စစ်ကိုင်းတိုင်းဒေသကြီး၊ အသေးစားငွေချေးလုပ်ငန်းဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ(မူကြမ်း)**နှင့် စပ်လျဉ်း၍ ဥပဒေပြုရေးဆိုင်ရာကော်မတီသို့ လွှဲပြောင်းကြောင်း ကြေညာခြင်း။

၁၃။ စီမံကိန်း၊ စီးပွားရေးနှင့်ဘဏ္ဍာရေးဝန်ကြီးမှ **စစ်ကိုင်းတိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/အဖွဲ့အစည်းများ၏ ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်းများ**နှင့်စပ်လျဉ်း၍ လွှတ်တော်သို့ တင်သွင်းခြင်း။

၁၄။ စီမံကိန်း၊ စီးပွားရေးနှင့်ဘဏ္ဍာရေးဝန်ကြီးမှ တင်သွင်းသည့် **စစ်ကိုင်းတိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/အဖွဲ့အစည်းများ၏ ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်းများ** နှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

၁၅။ တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး တက်ရောက်နေ့(၁၅)မိနစ် ခေတ္တရပ်နားခြင်း။

၁၆။ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်နေရာယူခြင်း။

၁၇။ ဒေါ်စန္ဒာသိန်း၊ မော်လိုက်မြို့နယ်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)မှ **“နိုင်ငံတော်အတွင်း လတ်တလောကြုံတွေ့လာနိုင်သော အယ်လ်နီညို ရာသီဥတု၏ သက်ရောက်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်ရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း၌ ကြိုတင်ကာကွယ်ရေးနှင့် တုံ့ပြန်ရေးအစီအမံများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ပေးရန် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအား တိုက်တွန်းကြောင်း”** အရေးကြီးအဆို တင်သွင်းခြင်းနှင့် အောက်ပါတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၇)ဦးမှ ထောက်ခံဆွေးနွေးခြင်း-

(က) ဦးစိုင်းအောင်ခမ်း၊ မော်လိုက်မြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)

(ခ) ဒေါ်သန်းအေး၊ မြောင်မြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)

(ဂ) ဦးအံ့ကျော်၊ ချောင်းဦးမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)

(ဃ) ဦးအောင်လင်းဆန်း၊ ရေဦးမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)

(င) ဦးစိုင်းစံလှစိုး၊ ဟုမ္မလင်းမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)

(စ) ဦးရဲမင်းအောင်၊ ပုလဲမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)

(ဆ) ဦးအောင်နိုင်သူ၊ ခန္တီးမြို့နယ် လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)

၁၈။ ဒေါ်စန္ဒာသိန်း၊ မော်လိုက်မြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)မှ တင်သွင်းသည့် အရေးကြီးအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူပြီး လွှတ်တော်၌ မှတ်တမ်းတင်ကြောင်း ကြေညာခြင်း။

၁၉။ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး တတိယနေ့ ရုပ်နားကြောင်းနှင့် အစည်းအဝေး စတုတ္ထနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။